# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်

## ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၂)
## (VDP)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ယိုးဒယားတက်ကျေးရွာ၊ ရေကြည်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ရက်

Scanned with CamScanner

မာတိကာ


ယိုးဒယားတက်ကျေးရွာရေတည်နေရာပြမြေပုံ၊

ရာသီစွင်ပြ ပြက္ခဒိန်၊ ရေကြည်မြို့နယ်

စကားချီး ၁

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၃

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၅

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်အခြေအနေ ၆

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား၊မရေးရာဆိုင်ရာဆက်နွယ်မှုများ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဟုတ်သော
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ


Scanned with CamScanner

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

**(၅) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ** ၁၃

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် စိန်ခေါ်မှု

**(၆) ပန်းတိုင်နှင့်မဟာဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၁၅

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စရပ်များ** ၁၇

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

(ဃ) ကျန်းမာရေးတိုးတက်လာစေရေး

**(၈) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ** ၁၈

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

Scanned with CamScanner

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၁

**(၁ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

**(၁၁) စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအကဲဖြတ်ပွဲ

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

**နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ** ၂၆

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား/မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ဝမ်းစာဖူလုံမှု

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

Scanned with CamScanner

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

**(ဂ) ရွှေ့ပြောင်းလုပ်သားများ**

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

**(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်**

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ

**(င) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း**

ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

**(ဆ) ပညာရေး**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

Scanned with CamScanner

(ဇ) ကျန်းမာရေးနှင့် အာဟာရ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

(ဈ) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား

(ည) ကျား-မရေးရာ

ဇယား ၃၉ ကျား-မရေးရာ

(ဋ) အခြေခံအဆောက်အဦများ အခြေအနေ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

(ဌ) လျှပ်စစ်မီးရရှိမှု

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

(ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ

(ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား

Scanned with CamScanner

လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

အိမ်ထောင်စုစနအဆင့်သတ်မှတ်ခြင်း ၇၉

ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေးတင်မှုစစ်တမ်း ၈၄

ကောက်ယူခြင်း

Scanned with CamScanner

**ကိုးကားစာရင်း**


၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလက်စွဲစာအုပ်၊ ၂၀၁၇၊ စက်တင်ဘာ။

၂။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလတွင် ယိုးဒယားတက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သော ကျေးရွာ အခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

Scanned with CamScanner

# ယိုးဒယားတက်ကျေးရွာတည်နေရာပြမြေပုံ



# ယိုးဒယားတက်ကျေးရွာ ရာသီစဉ်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | ဆောင်းစပါး ရိတ်သိမ်း | မိုးစပါး ထွန်ယက် | မိုးစပါး ပျိုးကျဲ | မိုးစပါး စိုက် | မိုးစပါး ထိမ်းသိမ်း | မိုးစပါး ရိတ် | ပဲစိုက်ပျိုး/ မိုးစပါးရိတ် | ဆောင်းစပါး ထွန်ယက် | ဆောင်းစပါး ရေသွင်း | ဆောင်းစပါး စိုက်ပျိုး | ဆောင်းစပါး ရိတ်သိမ်း | ဆောင်းစပါး ရိတ်သိမ်း |
| ရာသီဥတု |  မိုးရာသီ |  မိုးရာသီ |  မိုးရာသီ |  မိုးရာသီ |  မိုးရာသီ |  မိုးရာသီ |  ဆောင်းရာသီ |  ဆောင်းရာသီ |  ဆောင်းရာသီ |  ဆောင်းရာသီ |  နွေရာသီ |  နွေရာသီ |
| သဘာဝဘေး အန္တရာယ် | - | လေတိုက်/ မိုးကြီး | လေတိုက်/ မိုးကြီး | ရေကြီး | ရေကြီး | - | - | - | - | - | နေပူချိန်မြင့် | နေပူချိန်မြင့် |
| ပွဲလမ်း |  သင်္ကြန်ပွဲ |  ညောင်ရေသွန်းပွဲ | - |  ဝါဆို သင်္ကန်းကပ် | - | - |  မီးထွန်းပွဲ |  ကထိန်ပွဲ | - | - |  တရားပွဲ |  တရားစခန်း |
| ကျန်းမာရေး | - | - |  သွေးလွန်တုပ်ကွေး |  ဝမ်းပျက် ဝမ်းလျှော |  ငှက်ဖျား | - | - | - | - | - |  ဖျားနာ |  ဖျားနာ |
| ဝင်ငွေ/ထွက်ငွေ | ΔΔΔΔ / ΔΔΔ | ΔΔΔ / ΔΔΔ | Δ / Δ | Δ / Δ | Δ / Δ | ΔΔ/ ΔΔΔ | ΔΔΔΔ / Δ | ΔΔ / ΔΔΔΔ | ΔΔ / ΔΔΔ | Δ / ΔΔΔ | ΔΔΔΔ / Δ | ΔΔΔΔ / Δ |

ဝင်ငွေ/ထွက်ငွေ- Δ= အလွန်နည်း၊ ΔΔ= နည်းပါး၊ ΔΔΔ= အသင့်အတင့်၊ ΔΔΔΔ= အလွန်များ

Scanned with CamScanner

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောမြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ သက်ဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို သိရှိခဲ့ခြင်းမရှိပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သည့် နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်သွင်းခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို
မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အစီကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ယိုးဒယားတက်ကျေးရွာ

ရေကြည်မြို့နယ်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ရက်



Scanned with CamScanner

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အတွေ့အကြုံများမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးသောအခါ ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ပွားရသည့် အကြောင်းအရင်းခံများ၊ ငါးနှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်ရမည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်



Scanned with CamScanner

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အလုပ်ဝင်မှုအနေဖြင့် ကျေးရွာလူထု၏လိုအပ်ချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဈေးကွက်မြှောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထုအမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့် သက်ဆိုင်သောသုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်ပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ ( ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် ) နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းပြုလုပ်လာနိုင်ပါသည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထုဦးဆောင် ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်အတွက် လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင် စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိကျစွာ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင် မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါ သည်။

Scanned with CamScanner

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းနံဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ရေကြည်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများဖြစ်ကြပါသည်။ ဒေသတစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀ မှ ၁၂၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသတွင်တည်ရှိပြီး လယ်ယာမြေများသည်စပါးနှင့် ပဲစိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး မြေအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်သဘာဝသယံဇာတ မတွေ့ရှိပါ။ တောင်သူများမှာ အဝီစိစက်တပ်တွင်းများအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၁၁၁၀)ဧကရှိပြီး နွေစပါး၊ မိုးစပါး၊ပဲအမျိုးမျိုးနှင့် ရာသီပေါ်သီးနှံများအဓိကထားစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၆၂)စုနှင့် ကျား(၄၅၈)၊ မ(၅၀၄)ဖြင့် လူဦးရေစုစုပေါင်း(၉၆၂) ရှိ ကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၃.၆၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူဦးရေအများဆုံးနေထိုင်ပြီး ကရင်လူမျိုး များလည်းအနည်းငယ်နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေမှာ(၇၂.၉၇%)ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည် အမျိုးသားဦးရေပေါင်းထက်ပိုမိုများသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။

### (ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးဖြစ်ပြီး ကျေးရွာတစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၀.၀၂%သည် ချမ်းသာသည့်အဆင့်၊ ၄၂.၇၅%သည် အလယ်အလတ်အဆင့် ၅၄.၂%သည် ဆင်းရဲသည့်အဆင့်နှင့် ၁.၁၅%သည် အလွန်ဆင်းရဲသည့်အဆင့်အနေအထားဖြင့် သတ်မှတ်ကြသည်။ ကျေးရွာလူဦးရေ၏၄၆.၂% ခန့်သည် လယ်မြေပိုင်ဆိုင်ကြပြီး လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့် အတင့်ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်သွယ်ရေးလမ်းများဖွံ့ဖြိုးလာမှု၊ ကားလမ်းဆက်သွယ် တည်ရှိမှုများကြောင့် ကုန်စည်စီးဆင်းမှုများမှာ မြန်ဆန်လာပြီး ဈေးကွက်တစ်ခုကို ဖန်တီးနိုင်သော အနေအထားကြောင့် ရောင်းဝယ်မှုများပိုမိုတိုးတက်လာပါသည်။ လယ်သမားများသည် လယ်ယာ

မြေအပြင် အခြားရောင်းဝယ်မှုများနှင့် အခြားဒေသများရှိ စက်ရုံများသို့ သွားရောက်လုပ်ကိုင်ကြပါ သည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေကြေးအဆင်ပြေကြပါ သည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင် ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်ပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်စက်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲ၏အိမ် ထောင်စုများ၏ ၃၀%ဖြစ်သော (၄၄)စုကိုလေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၉၀%)မှာသူတစ်ပါးထံ မှချေးငှားရသော်လည်း နပ်မှန်စွာစားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင်



Scanned with CamScanner

တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် ၁၀၀၀၀၀/ကျပ်မှ ၅၀၀၀၀၀/ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ အစိုးရချေးငွေလုပ်ငန်းများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်နှင့် ဝင်ငွေရလုပ်ငန်းများအတွက်အဓိကသုံးစွဲကြပြီး၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ်များအတွက် အသင့်အတင့်သုံးစွဲကြသည်။

ကျေးရွာတွင်ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၄)ဦးတို့ဖြစ်ကြသည်။ အိမ်ထောင်စုအားလုံး၏ (၉.၉၂%)သည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြသည်။ (၁.၅၃%)သည် ဆင်းရဲ၍ မုဆိုးမို၊ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စုဖြစ်သည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကျေးရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်းကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ မိုးရာသီတွင် ပိုမိုဖြစ်ပွားတက်သည်ကို တွေ့ရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှု အသိအမြင်များရှိကြပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရှိပါသည်။ ထို့ပြင်အရေးပေါ်ရောဂါများဖြစ်ပွားလာပါက ၁၈မိုင်ခန့်ကွာဝေးသော ရေကြည်မြို့နယ်ဆေးရုံသို့ အချိန်မရွေးသွားရောက်ကုသမှုခံယူနိုင်ပါသည်။

ကျေးရွာတွင် အဝီစိစက်တပ်တွင်းများနှင့် လက်နှိပ်တုံကင်များမှ သောက်သုံးရေကို အလွယ်တကူရရှိနိုင်ကြပါသည်။ ရေကောင်းရေသန့်ရရှိမှုတို့ကြောင့် ရေကြောင့်ဖြစ်တတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးကြောင်း တွေ့ရှိရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရပါသသည်။ အများစုသည် အခြေခံပညာရေးဖြစ်သော အရေး၊ အဖတ်၊ အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ (၆၃)ဦးရှိပါသည်။ ပညာအရည်အချင်းများ အသင့်အတင့်တက်ရောက်ကြသော်လည်း အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

## (စ) ကျားမရေးရာဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမရေးရာ ဆိုင်ရာအနေဖြင့် လွတ်လပ်တက်ကြွမှုရှိပါသည်။ ကျားမဆိုင်ရာတာဝန်ယူမှုအပိုင်းတွင် ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားရှိသည်။ ကျားနှင့်မအကြား ပြင်းထန်သော အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများမရှိပါ။

ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော



Scanned with CamScanner

ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မအရေအတွက်သည် ကျားအရေအတွက်ထက်များနေသော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် ကျားအရေအတွက်က ပိုမိုများပြားပြီး တက္ကသိုလ်/ကောလိပ်အဆင့်တွင် မအရေအတွက်ကပိုမိုများပြားသောကြောင့် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများကပိုမိုရရှိပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပါသည်။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ရရှိလာနိုင်ပါသည်။



Scanned with CamScanner

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့နှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။ လူမှုရေးဆိုင်ရာအဖွဲ့တွင် အမျိုးသမီးရေးရာလုပ်ရှားဆောင်ရွက်မှုများအားနည်းသည်။ မြို့စင်မေတ္တာအသင်း၊ ပရဟိတနှင့် လူငယ်ပရဟိတအသင်းတို့မှာ ကျန်းမာရေးကဏ္ဍတွင် ဦးဆောင်ဆောင်ရွက်ပြီး၊ နာရေးကူညီမှုအသင်း၊ ပရဟိတနှင့် လူငယ်ပရဟိတအသင်းတို့မှာ လူမှုဖွံ့ဖြိုးရေးအခန်းကဏ္ဍတို့တွင် ဦးဆောင်ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်မိုးစပါး၊ နွေစပါးနှင့် ပဲအမျိုးမျိုးကိုအဓိကထားစိုက်ပျိုးကြသည်။ စိုက်ဧကအဖြစ်ဧက(၁၁၁၈)ရှိပြီး မိုးစပါးပျမ်းမျှ(၅၀)တင်းခန့်၊ နွေစပါး(၉၀)တင်းခန့်နှင့် ပဲ(၁၅)တင်း ခန့်ပျမ်းမျှ ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများအသင့်အတင့်ရရှိနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်းစသည့် ပြဿနာများနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ရင်ဆိုင်နေရသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ဝက်၊ ကြက်၊ ဘဲတို့ကိုသာမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်တတ်သောရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးရကုဦးစီးဌာနတို့မှရရှိနိုင်သော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းအနည်းငယ်သာရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျပ်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုး အစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေများပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။



Scanned with CamScanner

အသက်မွေးဝမ်းကျောင်းသင်တန်းများအား တက်ရောက်နိုင်မှုနည်းပါးပါသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ သင်တန်းများသို့တက်ရောက်နိုင်ကြပါသည်။

### (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့်ဓာတုဓါတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးနည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံနှင့် ကော်နှင့်ဆက်စပ်သောပစ္စည်းများအား စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာသည် မြေမြင့်သော အပိုင်းတွင်းတည်ရှိ၍ ရေကြီးမှုဒဏ်မှကင်းဝေးပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၆.၇)ကျပ်တိုးနှုန်း၊ တစ်ဧက(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၆)ဧကအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာတွင် ပက်မြန်မာ၊ World Vision မြန်မာ မက်စ်အစရှိသော မြန်မာ့ငွေရေးကြေးရေးအပြည်ပြည်ဆိုင်ရာကုမ္ပဏီများမှ လာရောက်၍ ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းများရှိပြီး တစ်နှစ်အတိုးနှုန်း(၃၀%)ဖြင့် လစဉ်အရစ်ကျပြန်လည်ပေးသွင်းခြင်းပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ စည်းကမ်းပိုင်းတွင်လည်း တင်းကြပ်ထားသည်။ ကျေးရွာတွင်သမဝါယမအသင်းကိုလည်း ဖွဲ့စည်းထားရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်(၁၀၀၀၀၀)မှ (၅၀၀၀၀၀)ထိရှိကြောင်းတွေ့ရှိရသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အထက်တန်းကျောင်းကို(၁၀၀'×၃၀') ပတ်လည်စာသင်ဆောင် (၅) ဆောင်ကို သွပ်မိုး၊ အုတ်နံရံ ကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြင့် သင်ကြားပေးသည်။ ကျေးရွာသားအားလုံးမှာရေးတတ်၊ ဖတ်တတ်ကြပါသည်။ ကျေးရွာကျောင်းတက်နှုန်းမှာမြင့်မားပါသည်။ ရွာနီးပတ်ဝန်းကျင်မှ ကျောင်းသားအများစုမှာလည်းတက်ရောက်ကြသောကြောင့် ပရိဘောဂ၊ ပရိဘောဂ၊ စာသင်ဆောင်များလိုအပ်နေပါသည်။ ကျောင်းတွင် ဆရာ/မစုစုပေါင်း(၄၀)ဦးနှင့်



Scanned with CamScanner

ကျောင်းသား/သူပေါင်း(၆၁၂)ယောက်တို့ဖြင့် ပညာသင်ကြားနေပါသည်။ ဆရာ တပည့်အချိုးသည် ၄၀:၁အောက်ဖြစ်ပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ဝန်ထမ်းအင်အားနည်းပါးပါသည်။ ကျေးရွာအနီးတွင်ဆေးဆိုင်ရှိသော်လည်း ဆေးဝါးများကို စနစ်တကျသိုလှောင်ထားရှိခြင်းမရှိပါ။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် အဝီစိစက်တပ်တွင်းများမှ ရေရရှိပြီး လုံလောက်မှုရှိပါသည်။ အိမ်ထောင်စုအများစုက အိမ်သာကျင်းများကို ကွန်ကရစ်ခွေဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ ဝါးရိုင်းပက်ဖြင့်လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသည်။ ထို့ကြောင့် ယင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့်မရှိသော်လည်း လက်ဖက်ရည်ဆိုင်၊ ဗယ်တောက်ခုံနှင့် ဘောလုံးကွင်းရှိပါသည်။ လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦ-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်းရှိလမ်းအများစုမှာ ကွန်ကရစ်လမ်းများဖြစ်ပြီး ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များ၊ဆိုင်ကယ်များနှင့် စက်ဘီးများကို အသုံးပြုသွားလာကြပါသည်။ ကုန်းလမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၁၈)စီး၊ စက်ဘီး(၁၃၅)စီး၊ ထော်လာဂျီ(၇)စီးနှင့် ကား(၃)စီးတို့ကိုအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို အိမ်ထောင်စု(၁၉၀)စုမှ အဓိကထားသုံးစွဲကြပြီး၊ ဓိဝလောင်စာသုံးစွဲသူ(၅၈)စု၊ ဖယောင်းတိုင်မီးသုံးစွဲသူ(၁၄)စုရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်၊အမှုအခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေး



Scanned with CamScanner

ဆွဲထားခြင်း မရှိသေးပါ။ ကျေးရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများနည်းပါးပါသည်။



Scanned with CamScanner

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ရိုက်ဆက်သုံးစွဲနိုင်ကြသဖြင့် တင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက်စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရရှိမည့် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူဦးရေအားလုံး၏ (၇၂.၉၃%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း အသုတ်တိုက်နယ်ဆေးရုံနှင့် ရေကြည်ဆေးရုံများသို့လည်း သွားရောက်၍ ဆေးဝါးကုသမှုများခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်းလယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာစပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာသည် ရေကြည်မြို့၊ အသုတ်မြို့၊ ကျောင်းကုန်းမြို့၊ ကျုံပျော်မြို့၊ ပုသိမ်မြို့နှင့်ရန်ကုန်မြို့တို့သို့ ကားလမ်း၊ ရေသားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချနိုင်ပါသည်။ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်အမှုအခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ချောမွေ့စေသည်။ ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံမတိုးချဲ့နိုင်သော်

လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံများမှာ ရာသီဥတု ဖောက်ပြန်ပါက ပိုးမွှားများကျရောက်သည့် အန္တရာယ်ကိုကြုံတွေ့ရသည်။

ကျေးရွာတွင် အထက်တန်းကျောင်းတည်ရှိပြီး၊ စာသင်ကျောင်းမှာ အရည်အသွေးပိုင်းတွင် အားနည်းမှုရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ဆေးဝါးလုံလောက်မှုမရှိသဖြင့် အရေးပေါ်ရောဂါများဖြစ်ပွားပါက ရေကြည်မြို့နယ်ဆေးရုံးသွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှုရှိပေသည်။

Scanned with CamScanner

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက်ရရှိလာစေရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေအပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များထုတ်လုပ်မည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများ

Scanned with CamScanner

အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပေမည်။

၁.၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။



Scanned with CamScanner

၃။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီပံ့ပိုးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းစီမံချက်ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထို့မှတဆင့် ယခုနယ်ပယ်ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင်အားလုံးလုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ ပဲနှင့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးပါသည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင်အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးနိုင်သောမြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ယိုးဒယားတက်ကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်သင့်ပေသည်။

(ဃ) ကျန်းမာရေးတိုးတက်လာစေရေး

ကျေးရွာရှိကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် ဆေးဝါးနှင့် ကုတင်လုံလောက်မှုမရှိ ကျေးရွာရှိကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် ဝန်ထမ်းအင်အား လုံလောက်ခြင်းမရှိပါ။ ထို့ကြောင့် လစ်လပ်နေသော ဝန်ထမ်းအင်အားသည့်အပြင် ဝန်ထမ်းအင်အား လုံလောက်ခြင်းမရှိပါ။ ဆေးဝါးသိုလှောင်မှုအတွက် အဆင့်မြင့် အထောက်အပံ့များရရှိလာအောင် ဆောင်ရွက်ရပါမည်။ ဆေးဝါးသိုလှောင်မှုအတွက် အဆင့်မြင့် အထောက်အပံ့ကောင်းများလည်း လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည်(၂)နှစ်၊ (၃)နှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါသည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲခြားပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်



Scanned with CamScanner

❖ လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်ပါသည်။

(ဂ) ဦးစားပေးစိမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး၊ လမ်းတံတားကောင်းမွန်လာစေရေး | ➢ ရွာအဝင်ကွန်ကရစ်တံတားတည်ဆောက်ခြင်း | ၉၈ | ၁ | ➢ ကျေးရွာကော်မတီဖွဲ့စည်းပြီးကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>➢ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| | ➢ ကျေးရွာတွင်းလမ်းများပြုပြင်မွမ်းမံခြင်း | ၆၀ | ၆ | | |
| လျှပ်စစ်ဓါတ်အားကဏ္ဍ | ➢ လျှပ်စစ်မီးတိုင်/ကြိုးများလဲလှယ်ရန်လိုအပ်ခြင်း<br>➢ လျှပ်စစ်ဌာနမှ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးပညာပေးဟောပြောမှုများကျင်းပဆောင်ရွက်ခြင်း | ၈၈ | ၂ | ➢ မြို့နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ကျန်းမာရေးကဏ္ဍ | ➢ သောက်သုံးရေသန့်တွင်းတူးဖော်ခြင်း(၆၀၀') | ၇၈ | ၃ | ➢ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |



Scanned with CamScanner

| | | | | | |
|---|---|---|---|---|---|
| ပညာရေးကဏ္ဍ | ➢ ဆရာ/မအင်အား လုံလောက်စွာခန့်ထားခြင်း<br>➢ အဆောက်အဦ၊ ပရိဘောဂများ ပြည့်စုံစွာပံ့ပိုးခြင်း | ၆၄ | ၄ | ➢ ပညာရေးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းဆိုခြင်း | ပညာရေး ဦးစီးဌာန |
| အခြေခံအဆောက်အဦကဏ္ဍ | ➢ ကျေးရွာစာကြည့်တိုက်ထူထောင်ခြင်း | ၆၁ | ၅ | ➢ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ခြင်းများဖြင့် အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရွာအဝင်တံတားတည်ဆောက်ခြင်း (၁၆'×၁၈'×၇') | ၁ | ✓ | | | | |
| ၂ | လျှပ်စစ်မီးတိုင်များ | ၂ | | ✓ | | | |
| ၃ | သောက်သုံးရေသန့်တွင်း (၆၀၀') | ၃ | | ✓ | | | |
| ၄ | ကျောင်းအဆောက်အဦ | ၄ | | | ✓ | | |
| ၅ | စာကြည့်တိုက် | ၅ | | | | ✓ | |
| ၆ | ကျေးရွာရွာတွင်းလမ်းများပြုပြင်မွမ်းမံခြင်း | ၆ | | | | | ✓ |



Scanned with CamScanner

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာများဖြင့် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့သော စီမံချက်များအား ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘက်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှု အုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာရွာအဝင်တံတားတည်ဆောက်ခြင်း (၁၆'×၁၈'×၇') | | | ❀ | | |
| ၂ | လျှပ်စစ်မီးတိုင်များ | | | ❀ | | |
| ၃ | သောက်သုံးရေသန့်တွင်း (၆၀၀') | | | ❀ | | |
| ၄ | ကျောင်းအဆောက်အဦ | | | ❀ | | |
| ၅ | စာကြည့်တိုက် | | | ❀ | | |
| ၆ | ကျေးရွာရွာတွင်းလမ်းများပြုပြင်မွမ်းမံခြင်း | | | ❀ | | |



Scanned with CamScanner

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်သို့ရောက်ရှိရေးမှာ ကျေးရွာတွက် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကထားပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲ၍အပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာအထက်တန်းကျောင်း၏ ပညာရေးအရည်အသွေးတိုးတက်ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ခေတ်မီလယ်ယာဖော်တုတ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်သည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ( နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ )

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့များက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြထားသည့် သတ်မှတ်ကိစ္စရပ်များကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤ



Scanned with CamScanner

ကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များကိုထားရှိပါမည်။ ဥပမာ- ကျေးရွာအတွင်းလမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များကိုထားရှိပါမည်။ ဥပမာ-ကျေးရွာအတွင်းလမ်းများ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် နှစ်စဉ်ရန် ထည့်ဝင်လှူဒါန်းလိုသူများထံမှ အလှူငွေများကောက်ခံခြင်း၊ လမ်းပေါ်ဝင်ထွက်သွားလာနေသော ယာဉ်နှင့်ကုန်ပစ္စည်းပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများကို သတ်မှတ်ပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါမည်။ ဥပမာအားဖြင့် လမ်းတံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသဖြင့် ဆောင်ရွက်ပါမည်။



Scanned with CamScanner

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသင့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီးကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ဖွဲ့အသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်းများဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု၏ အစီရင်ခံစာကို ကျေးရွာလူထုအစည်းအဝေးပွဲ၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ



Scanned with CamScanner

(၁) ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

➢ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

➢ ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးဆိုင်ရာလိုအပ်ချက်များ ရုစည်းပြီးစီးမှု(မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)

➢ သုံးလပတ်အကုန်တွင် ငွေသားနှင့် အခြားပစ္စည်းလက်ကျန်

➢ ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ

➢ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် သုံးလပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ၂-၃ခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ(၂)နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားသည့်အဖွဲ့အစည်းများမှာ

➢ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့

➢ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ)၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ

➢ သတင်းမီဒီယာများ

➢ ဖွံ့ဖြိုးရေးအစီအစဉ်များ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား



Scanned with CamScanner

ပေါ်ပေါက်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းများကို ရနိုင်ပါသည်။ ၎င်းအကြံပြုချက်ဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင်အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

## နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

| ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| ကျေးရွာ၏ပထဝီဝင်တည်ရှိမှု အခြေအနေ | ➢ မြစ်ဝကျွန်းပေါ်ဒေသတွင်တည်ရှိခြင်း<br>➢ စိုက်ပျိုးမြေလုံလောက်စွာရှိခြင်း<br>➢ ရေအရင်းအမြစ်လုံလောက်ကောင်းမွန်စွာရှိခြင်း<br>➢ အချိန်ရာသီမရွေးမြို့ပြနှင့်လက်လှမ်းမှီခြင်း<br>➢ နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်း<br>➢ စက်ရုံ အလုပ်ရုံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်း<br>➢ ယာဉ်များအချိန်မရွေးဝင်ထွက်သွားလာနိုင်ခြင်း<br>➢ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်လာခြင်း<br>➢ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာခြင်း |
| စိုက်ပျိုးရေး | ➢ စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း<br>➢ စိုက်ပျိုးရေးကုမ္ပဏီများရှိခြင်း<br>➢ သီးနှံများစိုက်ပျိုးရန်အဆင်ပြေချောမွေ့ခြင်း |
| မွေးမြူရေး | ➢ ရှေ့ဆောင်ဆောင်ရွက်မည့်သူများရှိခြင်း<br>➢ မွေးမြူကာကွယ်ရေးနည်းပညာများနှင့် ဝန်ဆောင်မှုများကို ချိတ်ဆက်ရရှိနိုင်ခြင်း |
| ပညာရေး | ➢ ကျေးရွာတွင်ဘွဲ့ရပညာတတ်များရှိခြင်း<br>➢ ကျောင်းအဆောက်အဦပရိဘောဂများအား တစ်ပိုင်တစ်နိုင်လှူ |



Scanned with CamScanner

| | |
|---|---|
| | ဒါန်းမှုများရှိခြင်း |
| ကျန်းမာရေး | ➢ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိခြင်း<br>➢ ရေကောင်းရေသန့်လုံလောက်စွာရှိခြင်း<br>➢ ကျေးရွာတွင် ယင်လုံအိမ်သာများအသုံးပြုခြင်း<br>➢ မြေနေရာလျှုဒါန်းမှုများရှိခြင်း |
| လျှပ်စစ်မီး | ➢ မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးရယူသုံးစွဲနိုင်ခြင်း<br>➢ လုပ်အားဖြင့် ကူညီနိုင်ခြင်း |
| ကျေးရွာအခြေခံအဆောက်အဦ | ➢ ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက်လမ်းများသင့်တင့်ခြင်း<br>➢ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံရှိခြင်း<br>➢ အထက်တန်းကျောင်းရှိခြင်း<br>➢ လုပ်အားဖြင့်ကူညီနိုင်ခြင်း |

(ခ) အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

| ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ |
|---|---|
| သဘာဝအရင်းအမြစ် | ➢ တိုးချဲ့စိုက်ပျိုးရန်မြေနေရာရှားပါးလာခြင်း<br>➢ ရာသီဥတုကြောင့် အထွက်နှုန်းနည်းပါးခြင်းနှင့် ပိုးမွှားဖျက်ဆီးမှုများဖြစ်ပေါ်ခြင်း |
| ဒေသဆိုင်ရာအခက်အခဲ | ➢ နယ်မြေလုံခြုံမှုရရှိစေနိုင်သော ရဲစခန်းမရှိခြင်း |
| လူမှုစီးပွားရေးကဏ္ဍ | ➢ ကျန်းမာရေးဝန်ထမ်းများလိုအပ်ခြင်းနှင့် ခေတ်မီဆေးဝါးအသုံးအဆောင်များလိုအပ်ခြင်း<br>➢ ကျောင်းအဆောက်အဦပရိဘောဂများလုံလောက်မှုမရှိခြင်း<br>➢ စီးပွားရေးဆိုင်ရာနည်းပညာနှင့် ဝန်ဆောင်မှုများလိုအပ်ခြင်း |
| နည်းပညာဝန်ဆောင်မှုများ | ➢ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ နည်းပညာဝန်ဆောင်မှုများအားနည်းခြင်း<br>➢ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးမတတ်နိုင်ခြင်း<br>➢ ဒေသတွင်းစက်ရုံ၊ အလုပ်ရုံများမရှိခြင်း<br>➢ အစိုးရဌာနချေးငွေများတွင်ကန့်သတ်ချက်များစွာရှိသဖြင့် အာမခံမည့်သူများရှာဖွေစုဆောင်းရခြင်း |
| အခြေခံအဆောက်အဦကဏ္ဍ | ➢ လမ်းတံတားအခြေခံအဆောက်အဦများအတွက် နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်မှုအားနည်းခြင်း<br>➢ လျှပ်စစ်မီးသွယ်တန်းထားသည့် ဓါတ်တိုင်/ကြိုးများကြံ့ခိုင်မှုအားနည်းခြင်း<br>➢ ကျေးရွာစာကြည့်တိုက်မရှိခြင်း |

| | |
|---|---|
| | ➢ ဆက်သွယ်ရေး အခြေခံအဆောက်အဦနှင့် ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ရန် လိုအပ်ခြင်း |
| သဘာဝဘေးအန္တရာယ်များကျရောက်လျှင် တုံ့ပြန်နိုင်မှု | ➢ သဘာဝဘေးအန္တရာယ်များကျရောက်လာလျှင် ကြိုတင်ပြင်ဆင်နိုင်ရန် အစီအစဉ်များပြုလုပ်ထားရန် လိုအပ်ခြင်း |
| ဈေးကွက်လက်လှမ်းမီမှုခက်ခဲခြင်းနှင့် ဈေးကွက်မရှိခြင်း | ➢ ဈေးကွက်ရှာဖွေရန် နည်းပညာအားနည်းခြင်း<br>➢ မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရန်ခရီးစရိတ်များပြားသောကြောင့် သင့်တင့်သောဈေးနှုန်းမရရှိခြင်း<br>➢ ကုန်ချောထုတ်လုပ်နိုင်မှုအားနည်းသောကြောင့် ဈေးကွက်ရရှိမှုမတွင်ကျယ်ခြင်း |
| လူငယ်နှင့်ယဉ်ကျေးမှု | ➢ အပန်းဖြေနားနေနိုင်ရန် နေရာသီးသန့်မရှိခြင်း<br>➢ အားကစားပစ္စည်းနှင့် အားကစားကွင်းများမရှိခြင်း |



Scanned with CamScanner

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | စိန်ခေါ်မှု | နည်းလမ်းများ | လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လမ်းတံတား၊ လျှပ်စစ် | | | | | |
| | * ကျေးရွာရွာဝင်တံတား လိုအပ်ခြင်း | * ရာသီမရွေးသွားလာရန်ခက်ခဲခြင်း၊ * ကုန်ထုတ်ပစ္စည်းများအလွယ်တကူမသယ်နိုင်ခြင်း | * လုပ်အားဖြင့်ကူညီနိုင်ခြင်း | * ငွေကြေးမတတ်နိုင်ခြင်း | * သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | * (၁၆'×၁၈'×၇')တံတား ဆောက်လုပ်ရန် |
| | * လျှပ်စစ်မီးအန္တရာယ်စိုးရိမ်ရခြင်း | * ဓာတ်တိုင်/ဓာတ်ကြိုးများကြံ့ခိုင်မှုအားနည်းခြင်း | * လုပ်အားဖြင့်ကူညီနိုင်ခြင်း | * ငွေကြေးမတတ်နိုင်ခြင်း | * သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | * ကျောက်တိုင်မီးများ လဲလှယ်ရန်လိုအပ်ခြင်း * လျှပ်စစ်ဌာနမှ လျှပ်စစ်အန္တရာယ်ကာကွယ်ရေးပညာပေးဟောပြောမှုများကျင်းပဆောင်ရွက်ခြင်း |
| ၂ | ကျန်းမာရေး | | | | | |
| | * သောက်ရေသန့်တွင်းလိုအပ်ခြင်း | * အာဆင်းနစ်ဓာတ်များသဖြင့် သောက်သုံးရန်မသင့်တော်ခြင်း | * မြေနေရာလှူဒါန်းနိုင်ခြင်း | * ငွေကြေးမတတ်နိုင်ခြင်း | * သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | * ၆၀၀' ရေသန့်တွင်းတူးဖော်ရန် |
| ၃ | ပညာရေး | | | | | |
| | * ဆရာ/မလိုအပ်ချက် | * အလယ်တန်းအဆင့် ဆရာ/မအင်အားမလုံလောက်ခြင်း | * ကျေးရွာတွင်ဘွဲ့ရပညာတတ်များရှိခြင်း | | * ပညာရေးဌာနနှင့်ချိတ်ဆက်၍တင်ပြတောင်းဆိုခြင်း | * ဆရာ/မအင်အားလုံလောက်စွာခန့်ထားပေးရန် |